# နေ့စဉ်တိုင်းရင်းသားသတင်းများ စုဆောင်းတင်ပြခြင်း

(No.56 , September 8, 2020)

၁။ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အားလုံးမှ မွန်ပြည်နယ်သို့လာရောက်ပါက CBFQ ဝင်ရမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်နှင့် Swab စစ်ဆေးခပါ မိမိတို့ကိုယ်တိုင်ကျခံရမည်

၂။ မြစ်ကြီးနားရှိ နည်းပညာအထောက်အကူပြုအဖွဲ့ရုံးတည်ရှိမှုအပေါ် NRPC ၏ သဘောထားမေးမြန်းထားဟု KIO ပြော

၃။ ကော့ကရိတ်- မြဝတီလမ်းဟောင်း တစ်ဝိုက်ရှိ လက်နက်ကိုင်အဖွဲ့အချို့၏ တပ်စခန်းအချို့ကို ဖယ်ရှား

၄။ လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံရေးလှုပ်ရှားမှုလူ့အခွင့်အရေးတောင်းဆိုမှုများကြောင့် အရေးယူခံရသူ ၃၇၇ဦးရှိ

၅။ ချင်းပြည်နယ် ပလက်ဝဒေသတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တိုက်ပွဲများရပ်စဲပေးရန် KACC တောင်းဆို

၆။ ကော့ကရိတ်မြို့အတွင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး ဆောက်လက်စ နေအိမ်တစ်လုံးအနီးသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ

၇။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် လူဦးရေ ၅၀ အထိသာ စုဝေးခွင့်ပြုကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ထုတ်ပြန်

၈။ ရခိုင်မှာ တပ်မတော်စစ်ဆင်ရေးတွေ ရပ်တန့်ပေးဖို့ ANP တောင်းဆို

၉။ AA အနေနဲ့ အပစ်ရပ်ရေးဆွေးနွေးဖို့ အစိုးရတိုက်တွန်း

၁၀။ ကယားဝန်ကြီးချုပ်က နိုင်ငံတော်ငွေဖြင့် ဦးဝင်းထိန်သမီး မင်္ဂလာဆောင်လက်ဖွဲ့ခဲ့

၁၁။ အင်တာနက်ပိတ်ပင်မှု ဆန့်ကျင်တဲ့ မောင်ဆောင်းခကို ဒဏ်ငွေ ၃ သောင်း အမိန့်ချ

၁၂။ ကရင်အမျိုးသား အာဇာနည်နေ့ကျင်းပသည့် အတွက် ပါဝင်သူ ၃ ဦး ထောင် ၁၅ ရက်ချ

၁၃။ ဒုတိယသက်တမ်း ၄ နှစ်ကျော်အတွင်း ကရင်ပြည်နယ်လွှတ်တော်တွင် အဆို ၃ ခုသာ အတည်ပြုနိုင်

၁၄။ မဲဆွယ်စည်းရုံးရေးကာလ အနည်းဆုံး ၂ လ မရရှိပါက လွန်စွာခက်ခဲနိုင်ကြောင်း KNDP ထုတ်ပြန်

၁၅။ ရသေ့တောင်၊ အမျက်တောင်ကျေးရွာအနီးတွင် တပ်မတော်နှင့် AA တိုက်ပွဲ ပြင်းထန်နေ၊ တပ်မတော် တိုက်လေယာဉ် ၂ စီးဖြင့် လာရောက်ပစ်ခတ်

၁၆။ ကော့ကရိတ်မြို့အနီး တပ်မတော်နှင့်တိုက်ပွဲဖြစ်သည့်သတင်း မဟုတ်မှန်ဟု DKBA ခွဲထွက်ပြော

၁၇။ ဆီဆိုင် တပ်သိမ်းမြေကိစ္စ လက်ရှိ အချိန်ထိ ပြေလည်မှု မရရှိသေး

၁၈။ သျှမ်းမြောက်တွင် ၂၃ ဆက်တိုက် အရပ်သား သေနတ်ပစ်ခံရ၊ တဦးသေ

၁၉။ လွှတ်တော် အတည်ပြု ပြဌာန်းခဲ့သည့် အမျိုးနှင့် သက်ဆိုင်သည့် ဥပဒေ သက်ဝင်မှု အားနည်းနေဆဲ

၂၀။ မြို့နယ်အဆင့် ခေါင်းဆောင် ၄ဦး ANP ပါတီမှ ထုတ်ပယ်

၂၁။ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မဲဆန္ဒနယ်များကို အောက်တိုဘာလတွင်သာ ကြေငြာခြင်းမှာ မျှတမှု မရှိကြောင်း ကိုယ်စားလှယ်လောင်းများဝေဖန်

၂၂။ ကယားပြည်နယ်ရဲ့အရေးပေါ်ရန်ပုံငွေ ကျပ်သန်း၁၀၀၀ ကို လက်ရှိအချိန်ထိသုံးစွဲမှုမရှိသေး

*******************

## ၁။ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အားလုံးမှ မွန်ပြည်နယ်သို့လာရောက်ပါက CBFQ ဝင်ရမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်နှင့် Swab စစ်ဆေးခပါ မိမိတို့ကိုယ်တိုင်ကျခံရမည်

(စက်တင်ဘာ ၈ ၂၀၂၀)

ယခုအခါ Covid 19 ပြည်တွင်းကူးစက်မှုနှုန်း ပိုမိုမြင့်တက်လာသဖြင့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးမှ မွန်ပြည်နယ်သို့ ခရီးသွားပြည်သူများ လာရောက်ပါက သတ်မှတ်ထားသည့် Community Based Facility Quarantine သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ Quarantine ဝင်ရောက်ရမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်နှင့် Swab စစ်ဆေးခ စရိတ်ကျခံရမည်ဖြစ်ကြောင်း စက်တင်ဘာ ၇ ရက်နေ့စွဲဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့က ကြေငြာချက်ထုတ်ပြန်လိုက်သည်။

Covid 19 ရောဂါပိုးရှိမရှိ Swab နမူနာရယူစစ်ဆေးခ တစ်ဦးလျှင် ငါးသောင်း (၅၀,၀၀၀) ကျပ်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးမြင့်သန်းဝင်းက လက်မှတ်ထိုး၍ သက်ဆိုင်ရာအစိုးရရုံး ဌာနအသီးသီးသို့ ညွှန်ကြားထားခြင်းဖြစ်သည်။ မွန်ပြည်နယ်အတိုင်း Coronavirus Disease 2019 (Covid-19) ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျိုက်ထိုမြို့နယ်တွင် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဝင်ရောက်လာသူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စနစ်တကျစစ်ဆေးဆောင်ရွက်လျှက်ရှိကြောင်း အစိုးရထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အတည်ပြုလူနာများကိုလည်း ယခင်က ၂ ကြိမ်ဆက်တိုက် ပိုးမတွေ့ပါက ဆေးရုံကဆင်းခွင့်ပြုရာမှ ယခုအခါ ပိုးတွေ့ရှိပြီး ၁၁ ရက်နောက်ပိုင်း ရောဂါသက်သာလျှင် ဆေးရုံဆင်းနိုင်စေရန် အပါအဝင် အပြောင်းအလဲတချို့ ပြုလုပ်ဖို့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအစည်းအဝေးမှ စက်တင်ဘာ ၇ ရက်နေ့တွင် ဆုံးဖြတ်လိုက်သည်။ http://burmese.monnews.org/2020/09/08/%e1%80%9b%e1%80%81%e1%80%ad%e1%80%af%e1%80%84%e1%80%ba%e1%80%95%e1%80%bc%e1%80%8a%e1%80%ba%e1%80%94%e1%80%9a%e

**************

## ၂။ မြစ်ကြီးနားရှိ နည်းပညာအထောက်အကူပြုအဖွဲ့ရုံးတည်ရှိမှုအပေါ် NRPC ၏ သဘောထားမေးမြန်းထားဟု KIO ပြော

(September 8, 2020)

ကချင်လက်နက် ကိုင်အဖွဲ့ (KIO) ၏ မြစ်ကြီးနား မြို့ရှိ နည်းပညာအထောက်အ ကူပြုအဖွဲ့ (TAT) ရုံး တည်ရှိမှုအပေါ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ သဘောထားအား မေးမြန်းထားကြောင်း KIO ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

TAT သည် ယခင်အစိုးရလက်ထက်က အစိုးရနှင့် KIO အကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ ရုံးဝန်ထမ်းများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ဩဂုတ်လအတွင်းက ပြန်ခိုင်းခဲ့သည်ဟု မြစ်ကြီးနားမြို့အခြေစိုက် ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG) က ဦးလမိုင်ဂွန်ဂျာက ပြောသည်။ တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကလည်း KIO ဆက်ဆံရေးရုံးကို ပိတ်ခိုင်းခြင်းမရှိကြောင်း၊ TAT သည် ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးရေးလုပ်ငန်းကော်မတီ (UPWC) လက်ထက်က KIO နှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်ဖက်ဆက်သွယ်မှု အဆင်ပြေစေရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ယခုအစိုးရ လက်ထက်၌ NRPC အဖွဲ့ ပြောင်းလဲဖွဲ့စည်းပြီးနောက် TAT နှင့် ညှိနှိုင်းဆက်သွယ်မှုမရှိတော့ဘဲ အလိုအလျောက် ပျက်ပြယ်သွားသည်ဟုသိရကြောင်း ပြော ကြားသည်။

ယင်းနှင့်ပတ်သက်ပြီး သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက TAT သည် အစိုးရနှင့် KIO အကြား Bilateral သဘောတူညီချက်အရ ဆောင်ရွက်ထားခြင်းဖြစ်သည်ဟု ရှင်းပြသည်။ ယခင်အစိုးရလက်ထက်က ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ UPWC က လက်ရှိတွင် အကျုံးမဝင်တော့ဟု ပြောဆိုခြင်းများရှိသော်လည်း အစိုးရအနေဖြင့် နှစ်ဖက်ချုပ်ဆိုထားသည့် စာချုပ်များ ဆက်လက်တည်တံ့မှုရှိ၊ မရှိ ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။ https://7day.news/detail?id=198294

**************

## ၃။ ကော့ကရိတ်- မြဝတီလမ်းဟောင်း တစ်ဝိုက်ရှိ လက်နက်ကိုင်အဖွဲ့အချို့၏ တပ်စခန်းအချို့ကို ဖယ်ရှား

(September 8, 2020)

ကော့ကရိတ်- မြဝတီလမ်းဟောင်းတစ်ဝိုက်ရှိ ကရင်လက်နက်ကိုင်အဖွဲ့အချို့၏ ယာယီအခြေပြု တပ်စခန်းအချို့အား တပ်မတော်နှင့် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ (BGF) ပူးပေါင်းအဖွဲ့က ကြိုတင်အကြောင်းကြား ပြီး ဖယ်ရှားရှင်းလင်းခဲ့သည်။

ဩဂုတ်လကုန်ပိုင်းက အဆိုပါလမ်းဟောင်းရှိ ဆက်သွယ်ရေးတာဝါတိုင်တစ်ခုတွင် လုံခြုံရေးတာဝန်ယူနေသည့် တပ်မတော်သားနှစ်ဦးကို အမည်မသိလက်နက်ကိုင်အဖွဲ့က သတ်ဖြတ်ပြီးဗုံးထောင်ခဲ့ခြင်းကြောင့် အရာရှိစစ်သည်အချို့ ကျဆုံးထိခိုက်ခဲ့သည်။ ထို့ကြောင့် အဆိုပါဒေသတစ်ဝိုက်တွင် တပ်မတော်နှင့် BGF ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု BGF မှ ဗိုလ်မှူးကြီး စောချစ်သူက အတည်ပြုသည်။ ထိုသို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာတွင် ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) တပ်ဖွဲ့ဝင်များ၏ အခြေပြုစခန်းတစ်ခုကို တပ်မတော်၊ BGFပူးပေါင်းအဖွဲ့က စက်တင်ဘာ ၆ ရက်တွင် မီးရှို့ဖယ်ရှားခဲ့သည်ဟု KNU/KNLA-PC တပ်မှူးတစ်ဦးက ပြောသည်။ မီးရှို့လိုက်ခြင်းကြောင့် အဆောက်အအုံခြောက်လုံး မီးလောင်သွားကြောင်း၊ ယင်းနေရာတွင် KNU/KNLA-PC တပ်ဖွဲ့များ အခြေပြုနေထိုင်သည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဆိုပါဒေသ၌ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေမှုကို တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းကလည်း အတည်ပြုထားသည်။ အဆိုပါဒေသ၌ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော KNU၊ KNU/KNLA-PC၊ DKBA ခွဲထွက်အဖွဲ့များလည်းရှိရာ တပ်မတော်သားနှစ်ဦးကို သတ်ဖြတ်သည့်အဖွဲ့မှာ DKBA ခွဲထွက်အဖွဲ့ဖြစ်သည်ဟု ကနဦးသတင်းရရှိထားကြောင်း တပ်မတော်နှင့် BGF က ပြောကြားထားသည်။ https://7day.news/detail?id=198293

*********************

**၄။ လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံရေးလှုပ်ရှားမှု၊လူ့အခွင့်အရေးတောင်းဆိုမှုများကြောင့် အရေးယူခံရသူ ၃၇၇ဦးရှိ**

(September 8, 2020)

နိုင်ငံရေးလှုပ်ရှားမှု၊လူ့အခွင့်အရေးတောင်းဆိုမှုများကြောင့် လက်ရှိအစိုးရလက်ထက်တွင် အရေးယူခံရသူဦးရေ ၃၇၇ ဦးအထိရှိကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) က ထုတ်ပြန်သည်။ လွတ်လပ်စွာထုတ်ဖော်ခွင့်များအား တရားစွဲဆိုအရေးယူနေမှုနှင့်ပတ်သက်ပြီး AAPP က စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်ခြင်းဖြစ်သည်။

အဆိုပါ အရေးယူခံရမှုများတွင် ငြိမ်းစုစီးပုဒ်မ (၁၈) ဖြင့် အရေးယူခံရသူ ၁၈ ဦး၊ ငြိမ်းစုစီး ပုဒ်မ ၁၉၊၂၀ ဖြင့် အရေးယူခံရသူ ၁၇၉ ဦးနှင့် ပုဒ်မ ၆၆ (ဃ) ဖြင့် အရေးယူခံရသူ ၁၈၀ ဦး ရှိခဲ့ပြီး ၎င်းတို့တွင် နိုင်ငံရေးတက်ကြွလှုပ် ရှားသူများ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ အလုပ်သမားအခွင့်အရေး၊ လယ်သမားအခွင့်အရေး၊ မြေယာ အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးတို့အတွက် တောင်းဆိုတိုက်ပွဲဝင်သူများ၊ နိုင်ငံရေးအ ကျဉ်းသားဟောင်းများ၊ လယ်သမားများ၊ ကျောင်းသားများနှင့် ပြည်သူများပါဝင်ပြီး ၅၄ ဦးမှာ သတင်း၊ မီဒီယာ၊ ဂျာနယ်လစ်များပါဝင်ကြောင်း AAPP ထုတ်ပြန်ချက်တွင် ပါရှိသည်။ လွတ်လပ်စွာထုတ်ဖော်ခွင့်အား ကျင့်သုံးမှုများ အပေါ် အစိုးရက အရေးယူရာတွင် ပုဒ်မ ၁၈၊ ၁၉၊ ၂၀ နှင့် ပုဒ်မ ၆၆ (ဃ) တို့ ဖြင့်သာမကဘဲ ပုဒ်မ ၅၀၅ (ခ)၊ နိုင်လွတ်လုံ ၁၀/၁၂၊ ပုဒ်မ ၅၀၀၊ ၁၇/၁၊ ၁၇/၂ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေစသည်တို့ဖြင့်ပါ အရေးယူထား သည်ကို တွေ့ရှိရသည်ဟု AAPP ထုတ် ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိ ငြိမ်းစုစီးဥပဒေအရ ပြည်သူများ၏ လွတ်လပ်ခွင့်များ ပိတ်ပင်ခံထားရသလို အာဏာပိုင်များက ဥပဒေကို လိုသလိုအသုံးချပြီး ပြည်သူများအား ဖိနှိပ်ရေးကိရိယာအဖြစ် နှိပ်ကွပ်အသုံးပြုနေသည့်အတွက် အဆိုပါ ငြိမ်း စုစီးဥပဒေကို ပြည်သူများအား အကာအကွယ်ပေးသည့် ဥပဒေအဖြစ် အမြန်ဆုံးပြင်ဆင်နိုင်ရန် တိုက်တွန်းကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်သည်။ နိုင်လွတ်လုံဥပဒေကို ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုလွှတ်တော်တွင် ပြင်ဆင်ခဲ့ပြီး ယင်းသို့ပြင်ဆင်ထားသည့်ဥပဒေအရ ပြည်သူ အချင်းချင်း တရားစွဲဆိုခွင့် မရှိတော့ပေ။ https://7day.news/detail?id=198290

**************

**၅။ ချင်းပြည်နယ် ပလက်ဝဒေသတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တိုက်ပွဲများရပ်စဲပေးရန် KACC တောင်းဆို**

(7 SEPTEMBER 2020)

ချင်းပြည်နယ် ပလက်ဝဒေသအတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုက်ပွဲများ ရပ်စဲပေးရန် အတွက် ခူမီးချင်းမျိုးနွယ်စုများပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (KACC) က စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန် ကြေညာသည်။ အဆိုပါထုတ်ပြန်ချက်တွင် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ကောင်းမွန်စွာပြုလုပ်ပေးနိုင်ရန်အတွက် အရေးအကြီးဆုံး အခြေခံလိုအပ် ချက်မှာ မဲဆန္ဒရှင်ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဖြစ်ကြောင်းဖော်ပြထားသည်။

ထို့ကြောင့် မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကြား ဖြစ်ပွားလျက်ရှိသည့် အပြန်အလှန်ပစ်ခတ် တိုက်ခတ်မှုများ ရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့အနေဖြင့်လည်း ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း စစ်ရေး လှုပ်ရှားမှုများ၊ ဒေသခံချင်းလူငယ်များကို ဖမ်းဆီးသိမ်းသွင်းခြင်းနှင့် အင်အားစုဆောင်းခြင်းတို့ကို မပြုလုပ်ရန် လိုအပ်ကြောင်း KACC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဒီမိုကရေစီစနစ်ဖေါ်ဆောင်ရာတွင် အထူးအရေးကြီးသည့် ရွေးကောက်ပွဲ အောင်မြင်စွာပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဒေသခံပြည်သူများအပေါ် စေတနာထား၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် KACC ၏ထုတ်ပြန်ချက်တွင် တောင်းဆိုထားသည်။

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ၊ ခုမီး (ခမီး) အမျိုးသားပါတီ၊ တိုင်းရင်းသားလူမျိုးစုဖွံ့ဖြိုးရေးပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း တစ်ဦးတို့ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။ https://news-eleven.com/article/191184

*******************

## ၆။ ကျော့ကရိတ်မြို့အတွင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး ဆောက်လက်စ နေအိမ်တစ်လုံးအနီးသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ

(5 SEPTEMBER 2020)

ကော့ကရိတ်မြို့အတွင်း စက်တင်ဘာ ၄ ရက် ည ၉ နာရီခန့်မှစ၍ ၄၅ မိနစ်ခန့်ကြာ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားပြီး ကွက်သစ်ရပ်ရှိ ဆောက်လက်စ နေအိမ်တစ်လုံးအနီးသို့ လက်နက်ကြီးကျည်ကျ ပေါက်ကွဲခဲ့ပြီး ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့ အမှတ် ၇ ရပ်ကွက်ရှိ နာမည်ကြီးလောင်းကစားဂိမ်းရုံတွင် အခြေတည်သည့် မူးယစ်ဆေးဝါး ရောင်းဝယ်သူနှစ်ဦး၏ ဆိုင်ကယ်ကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံဖမ်းဆီးစဉ် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားကြောင်း၊ ဆိုင်ကယ်စီးလာသူနှစ်ဦးက ပြေးရင်းပစ်ရင်းဖြင့် ညနေ ၉ နာ ရီခန့်တွင် တိုးချဲ့ကွက်သစ်အနီးတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ၄၅ မိနစ်ခန့် ပစ်ခတ်မှုဖြစ်ပြီးနောက် ဝန်ထမ်းအိမ်ရာအနီးရှိ ကိုတရုတ်၏ ဆောက်လက်စ နေအိမ်နံဘေးသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လက်နက်ကိုင်အဖွဲ့ဝင်များ ဦးစီးဖွင့်လှစ်ထားသော အမှတ် (၇) ရပ်ကွက်ရှိ လောင်းကစားဂိမ်းရုံကိုလည်း စက်တင် ဘာ ၅ ရက်တွင် သက်ဆိုင်ရာက သိမ်းဆည်းရှင်းလင်းပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒေါနတောင်ကြော ရန်ကုတ်ရွာအနီးတွင် စက်တင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှု၊ ကော့ကရိတ်မြို့တွင်းပစ် ခတ်မှုများဖြစ်ပွားပြီးနောက် ရန်ကုတ်၊ ကောင်းမူ၊ တံတားဦး၊ ခနိမ်းမူ၊ တတန်ကူး၊ လှိုင်စိမ်း၊ ဆင်ကုန်းနောင်ကိုင်း၊ အောက်ဘို တဲ၊ အလယ်ဘိုတဲ၊ တရုတ်ဖြူတောင်၊ တောင် မဲတောင်တို့တွင် တပ်မတော်နှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။ https://news-eleven.com/article/190895

***************

## ၇။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် လူဦးရေ ၅၀ အထိသာ စုဝေးခွင့်ပြုကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ထုတ်ပြန်

(7 SEPTEMBER 2020 )

၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့ဆောင်ရွက်ရာတွင် နေရာအနေအထား၊ အကျယ်အဝန်းအပေါ်မူတည်၍ တစ်ကြိမ်လျှင် လူဦးရေ ၅၀ ထက် မပိုရန်အချက်ပါဝင်သည့် အမိန့်အမှတ်(၁၀၁/၂၀၂၀)ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စက်တင်ဘာ ၆ ရက် ရက်စွဲဖြင့်ထုတ် ပြန်သည်။

ထိုသို့မဲဆွယ်စည်းရုံးရန် စုဝေးသည့်အခါတွင်လည်း တစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက် ၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာပြီး နေရာချထား စီမံဆောင်ရွက်ရန်၊ လေဝင်လေထွက်ကောင်းသော နေရာများတွင်သာ စီမံ ဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စက်တင်ဘာ ၈ ရက်မှ စတင်၍ နိုဝင်ဘာ ၆ ရက်အထိ ရက်ပေါင်း ၆၀ ကြာ ခွင့်ပြုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၆ ရက်တွင် ထုတ်ပြန်သည်။

ထိုသို့ မဲဆွယ်စည်းရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်အပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေအရ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP) ၊ သက်ဆိုင်ရာက အချိန်ကာလ၊ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာအမိန့်များ၊ လမ်းညွှန်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း ကော်မရှင် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ https://news-eleven.com/article/191113

*************

## ၈။ ရခိုင်မှာ တပ်မတော်စစ်ဆင်ရေးတွေ ရပ်တန့်ပေးဖို့ ANP တောင်းဆို

(6.9.2020)

ရခိုင်ပြည်နယ်က အရပ်သားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးဆုံးရှုံးစေတဲ့ မြန်မာ့တပ်မတော်ရဲ့ စစ်ဆင်ရေးကို အမြန်ဆုံးရပ်တန့်ပေးဖို့ စစ်တွေမြို့အခြေစိုက် ရခိုင်အမျိုးသားပါတီ (ANP) က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အပါအဝင် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ကို လိပ်မူပြီး စက်တင်ဘာ ၅ ရက် နေ့စွဲနဲ့ အိတ်ဖွင့်ပေးစာတစောင် ရေးသား လိုက်ပါတယ်။

တပ်မတော်က ကျေးရွာတွေထဲ ပစ်ခတ်ခြင်း၊ သံသယနဲ့ ဖမ်းဆီးသွားခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စတာတွေကြောင့် အပြစ်မဲ့ ရခိုင်အရပ်သားပြည်သူတွေ နေအိမ်ကိုစွန့်ပြီးထွက်ပြေးနေရတာဟာ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းဖြစ်ကြောင်း၊ ဒါတွေကို ဥပဒေနဲ့အညီ အကာအကွယ်ပေးဖို့ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်မှာ တာဝန်ရှိကြောင်း ANP ရဲ့ စာထဲမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်က ကိုဗစ်ကပ်ရောဂါ အခြေအနေကြားမှာပဲ ကျောက်တော်မြို့အတွင်း တပ်မတော်ရဲ့ လက်နက်ကြီး ကျရောက်မှုကြောင့် အရပ်သားပြည်သူတချို့ သေဆုံးတာ၊ ဒဏ်ရာရတာ ရှိခဲ့ကြောင်းကိုလည်း စာမှာဖော်ပြထားပြီး အဲဒီဒေသက နေအိမ်တွေ မီးရှို့ခံရတဲ့ဖြစ်ရပ် အသေးစိတ်ကိုလည်း ဖော်ပြထားပါတယ်။ ဒါကြောင့်တပ်မတော်ရဲ့စစ်ဆင်ရေးတွေကို အမြန်ဆုံးရပ်တန့်ပြီး နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုကို ဥပဒေအရ အကာအကွယ်ပေးဖို့ နိုင်ငံ့အကြီးအကဲတွေကို

စာရေးသားတောင်းဆိုကြောင်း အိတ်ဖွင့်ပေးစာမှာ ဖော်ပြထားပါတယ်။ ဒါနဲ့ပတ်သက်လို့ အစိုးရဘက်ကရော တပ်မတော်ဘက်ကပါ ခုချိန်ထိ တစုံတရာတုံ့ပြန်ပြောဆိုခြင်း မရှိသေးပါဘူး။ https://burmese.voanews.com/a/anp-party-open-letter/5572549.html

**************

## ၉။ AA အနေနဲ့ အပစ်ရပ်ရေးဆွေးနွေးဖို့ အစိုးရတိုက်တွန်း

(5.7.2020)

ရခိုင်ပြည်နယ်က မြို့နယ် ၁၇မြို့နယ်ရှိတဲ့အနက် ၁၆မြို့နယ်မှာ COVID- 19 ကူးစက်မှုတွေကြောင့် ညမထွက်ရ အမိန့်တွေ ထုတ်ပြန်ထားရတဲ့အထိ ကြုံနေရချိန်မှာပဲ လက်နက်ကိုင်ပဋိပက္ခတွေ ရပ်ဆိုင်းနိုင်ဖို့ အစိုးရပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုလိုက်တာပါ။

နေပြည်တော်မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းရှင်းလင်းပွဲမှာ သမ္မတရုံးဝန်ကြီးဌာနရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ၂၀၀၄ခုနှစ် အင်ဒိုနီးရှားနိုင်ငံမှာ ဆူနာမီဖြစ်ပွားပြီး ပြည်သူတွေထိခိုက်သေကျေရချိန်မှာ အာချေး လက်နက်ကိုင်အဖွဲ့ဟာ အစိုးရနဲ့ဆွေးနွေးပြီး ငြိမ်းချမ်းရေးရယူခဲ့တာကို AA အနေနဲ့ သင်ခန်းစာယူသင့်ကြောင်း ပြောဆိုပါတယ်။ အစိုးရနဲ့ AA အပါအဝင် မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ ဒီနှစ်ဆန်းက စတင်ပြီး ရပ်တန့်နေတာဖြစ်ပါတယ်။ လောလောဆည်မှာတော့ မြောက်ပိုင်းမဟာမိတ်အဖွဲ့ ၄ဖွဲ့က ဆွေးနွေးပွဲတွေ ပြန်လည်စတင်ရေးအတွက် အစိုးရဆီကို အကြောင်းကြားထားပြီး အစိုးရဘက်ကတော့ ဒီ ၄ဖွဲ့နဲ့ ဆွေးနွေးတာတွေဟာ အကျိုးရှိ မရှိ ပြန်လည်သုံးသပ်နေတယ်လို့လည်း ဦးဇော်ဌေးက သတင်းစာရှင်းပွဲမှာ ပြောကြားခဲ့ပါတယ်။ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမယ်ဆိုရင် တစ်ဖွဲ့ချင်းအနေနဲ့လည်း ဆွေးနွေးမှာဖြစ်ကြောင်း ဦးဇော်ဌေးကပြောပါတယ်။

မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးကတော့ ကပ်ဘေး သင့်နေချိန် တိုက်ခိုက်မှုတွေရပ်စဲဖို့ ဒီတပတ်ထဲမှာပဲ ထပ်မံတိုက်တွန်းထားပါတယ်။ ကမ္ဘာ့တဝန်းကပ်ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ တိုက်ခိုက်မှုတွေ ရပ်စဲကြဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ တိုက်တွန်းချက်ကို နားထောင်ဖို့နဲ့ ကပ်ရောဂါရော စစ်ဘေးဒဏ်ပါခံနေရတဲ့ ရခိုင်ပြည်နယ်မှာ ဒေသခံတွေ အရေးကြီးတဲ့ သတင်းအချက်အလက်တွေ ရရှိနိုင်အောင် အင်တာနက်ဝန်ဆောင်မှုတွေအပြည့်အဝပြန်ဖွင့်ပေးဖို့လည်းတိုက်တွန်းထားပါတယ်။

https://burmese.voanews.com/a/myanmar-government-insist-aa-for-the-negociation-/5571404.html

***************

## ၁၀။ ကယားဝန်ကြီးချုပ်က နိုင်ငံတော်ငွေဖြင့် ဦးဝင်းထိန်သမီး မင်္ဂလာဆောင်လက်ဖွဲ့ခဲ့

(4 SEP 2020)

ငွေကြေးသုံးစွဲမှုများနှင့်ပတ်သက်၍ လွှတ်တော်တွင် ပြစ်တင်ရှုတ်ချခံရပြီးနောက် စက်တင်ဘာ ၃ ရက်တွင် ရာထူးမှ ရပ်စဲခံလိုက်ရသည့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် နိုင်ငံတော်ဘဏ္ဍာသုံးပြီး ဦးဝင်းထိန်၏သမီး မင်္ဂလာဆောင်လက်ဖွဲ့ငွေအပါအဝင် အခြားကိုယ်ရေးကိုယ်တာနှင့် ပါတီကိစ္စရပ်များအတွက် သိန်း ၄၀၀ နီးပါး သုံးစွဲခဲ့ကြောင်း ပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာက ဆိုသည်။

အဆိုပါသုံးစွဲငွေများတွင် ၂၀၁၆ အတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သဘာပတိအဖွဲ့ဝင် ဦးဝင်းထိန်၏သမီး မင်္ဂလာဆောင်အတွက် ငွေကျပ်နှစ်သိန်း၊ NLD ပါတီပုံမှန်အစည်းအဝေးတစ်ခုအတွက် သုံးစွဲငွေ ကျပ် ၁၀ သိန်း၊ ဦးထွန်းကျော်ဆိုသူ၏သား မင်္ဂလာဆောင်အတွက် လက်ဖွဲ့ငွေ ငါးသောင်းအပါအဝင် အခြား ကိုယ်ရေးကိုယ်တာနှင့်ပါတီ လုပ်ငန်းများအတွက် ပြည်နယ်ရန်ပုံငွေမှ သုံးထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် ကယားပြည်နယ် ဝန်ကြီးချုပ်က သုံးစွဲမှုများတွင် ၂၀၁၆ အတွင်းက ဦးဝင်းထိန်နှင့်အဖွဲ့အား ညှော်ခံခြင်းနှင့်လက်ဆောင်ပေးခြင်းတို့အတွက် ၃၃၅,၀၀၀၊ နာရေးကူညီငွေနှင့် ထောက်ပံ့စရိတ် ၃၂ သိန်းခန့်၊ သီတင်းကျွတ်လ ဝန်ထမ်းများအတွက် မုန့်ဖိုးနှင့် အထွေထွေ ညှော်ခံကျွေးမွေးစရိတ် ၂၇ သိန်းကျော်လည်း ပါဝင် နေသည်။

စုံစမ်းစစ်ဆေးမှုကို ကန့်ကွက်ရခြင်းမှာ စွပ်စွဲပြစ်တင်သည့် လွှတ်တော်ကိုယ်စားလှယ်သုံးဦးကိုယ်တိုင် စုံစမ်းစစ်ဆေးရေး အဖွဲ့တွင် ပြန်လည်ပါဝင်နေခြင်းကြောင့်ဟု ဦးအယ်လ်ဖောင်းရှိုက ဆိုသည်။ သို့သော် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တိုင်းရင်း သားပါတီ၊ ပြည်ခိုင်ဖြိုးပါတီ၊ NLD ပါတီနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များဖြင့် မျှမျှတတ =ဖွဲ့စည်းပေး ခဲ့ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။ https://www.kumudranews.com/news-38440

*****************

## ၁၁။ အင်တာနက်ပိတ်ပင်မှု ဆန့်ကျင်တဲ့ မောင်ဆောင်းခကို ဒဏ်ငွေ ၃ သောင်း အမိန့်ချ

(2020-09-04)

ရခိုင်ပြည်နယ်က မြို့နယ် ၇ မြို့နယ်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ အင်တာနက်ပိတ်ထားတာ တစ်နှစ်ပြည့် ခဲ့တုန်းက ရန်ကုန်၊ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း လူကူးခုံးတံတားမှာ ဗီနိုင်း၊ ပိတ်စတွေ၊ ပိုစတာ တွေနဲ့ ချိတ်ဆွဲကာ ကန့်ကွက်လှုပ်ရှားခဲ့တဲ့ အသံအဖွဲ့က မောင်ဆောင်းခကို ဒီကနေ့ ကျောက်တံတားမြို့နယ် တရားရုံးက ငွေဒဏ် ၃ သောင်းပေးဆောင်ဖို့ ငွေဒဏ်မဆောင်ရင် ထောင် ၁၅ ရက်ကျခံဖို့ အမိန့်ချမှတ်ရာမှာ ငွေဒဏ်ဆောင်လိုက်တာပါ။

Fortify Rights အဖွဲ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး သုတေသီ နစ်ကီဒိုင်းမွန်းကတော့ ဒီမိုကရေစီအစိုးရ အနေနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွေကို အကာအကွယ်ပေးဖို့ တာဝန်ရှိပေမယ့်လည်း အခုတော့ အခြေအနေက ပြောင်းပြန်ဖြစ်နေတယ်လို့ ဝေဖန်ပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့် တက်ကြွလှုပ်ရှားသူ မောင်ဆောင်းခအပေါ် တရားစွဲဆိုထားတာကို ရုပ်သိမ်းပေးဖို့ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ HRW အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့ ၇ ဖွဲ့က အစိုးရကို စက်တင်ဘာလ ၂ ရက်နေ့က ပူးတွဲကြေညာချက် ထုတ်ပြန်တောင်းဆိုထားပါတယ်။

ရခိုင်ပြည်နယ်က မြို့နယ် ၇ မြို့နယ်နဲ့ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွေကို ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့က လုံခြုံရေးကိုအကြောင်းပြပြီး အစိုးရက အင်တာနက်လိုင်းကို ဖြတ်တောက်ခဲ့ပြီး တစ်နှစ်ကျော်အကြာ ပြီးခဲ့တဲ့ ဩဂုတ်လ ၁ ရက်နေ့ မှာ 2G အင်တာနက်လိုင်းတွေ ပြန်ဖွင့်ပေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာ အခုလက်ရှိ အင်တာနက်လိုင်းတွေ ပြန်ဖွင့်ပေးထားပေမယ့် မြန်နှုန်းနိမ့်တာကြောင့် အသုံးပြုလို့ အဆင်မပြေသေးဘူးလို့ ဒေသခံတွေ ပြောနေကြပါတယ်။

https://www.rfa.org/burmese/news/rakhine-internet-09042020051103.html

***************

**၁၂။ ကရင်အမျိုးသား အာဇာနည်နေ့ကျင်းပသည့် အတွက် ပါဝင်သူ ၃ ဦး ထောင် ၁၅ ရက်ချ**

(September 8, 2020)

နှစ် ၇၀ ပြည့် ကရင်အမျိုးသား အာဇာနည်နေ့ကို ရန်ကုန်မြို့လယ်၊ မဟာဗန္ဓုလပန်းခြံရှေ့၌ ဩဂုတ် ၁၂ ရက်နေ့ တွင် ကျင်းပခဲ့သည့်အပေါ် အစိုးရက ငြိမ်း၊ စု၊ စီ ပုဒ်မ ၂၀ ဖြင့် တရားစွဲခံရသည့် စသိန်းဇော်မင်း စောဆာကွာလာ နှင့် မစိန်ထွေးတို့ကို ကျောက်တံတားမြို့ နယ်၊ တရားရုံးက ထောင် ၁၅ ရက်စီ ချမှတ်လိုက်သည်။

ရန်ကုန်မြို့လယ်၊ မဟာဗန္ဓုလ ပန်းခြံရှေ့တွင် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့် နှစ် ၇၀ ပြည့် ကရင် အမျိုးသား အာဇာနည်နေ့ ကျင်းပရန် စီစဉ်သူများက ကျောက်တံတားမြို့နယ်၊ ရဲစခန်းသို့ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေအရ တရားဝင်တင်ပြခဲ့ရာ၊ ကိုဗစ်ကာကွယ်ရေးဆိုင်ရာ စည်းကမ်း များနှင့် အညီ နံနက် ၈ နာရီမှ ၂ နာရီထိ ပြုလုပ်ရန် သက်ဆိုင်ရာက ပြောဆိုခဲ့ကြောင်း စီစဉ်သူများထံမှ သိရ သည်။ သို့ သော် အခမ်းအနားကျင်းပနေစဉ် နေ့လည် ၁၁ နာရီတွင် အစီအစဉ်ရုပ်သိမ်းရန် ရဲတပ်ဖွဲ့က ဖိအားပေးခဲ့ရာ ရှန်းရင်းဆန်ခတ် အချင်းများမှုဖြစ်ခဲ့ပြီး ဦးဆောင်သူ စသိန်းဇော်မင်းနှင့် စောဆာကွာလာတို့ကို ရဲတပ်ဖွဲ့ က ဖမ်း ဆီးခေါ်ဆောင်သွားခဲ့သည်။

ရန်ကုန်မြို့တွင် ကရင်အမျိုးသားအာဇာနည်နေ့ ကျင်းပသည့်အတွက် ယခင်နှစ်က နော်အုန်းလှ၊ စသိန်းဇော်မင်း နှင့် စောအဲလ်ဘတ်ချိုတို့ကို အစိုးရက ထောင် ၁၅ ရက်စီ ချမှတ်ခဲ့ပြီး အလားတူ ယခုနှစ်တွင်လည်း နှစ်နှစ်ဆက် ထောင် ၁၅ ရက်ချမှတ်ခံရ ခြင်းဖြစ်သည်။

http://kicnews.org/2020/09/%e1%80%80%e1%80%9b%e1%80%84%e1%80%b9%e1%80%a1%e1%80%99%e1%80%ba%e1%80%ad%e1%80%b3%e1%80%b8%e1%80%9e%e1%80%ac

**************

**၁၃။ ဒုတိယသက်တမ်း ၄ နှစ်ကျော်အတွင်း ကရင်ပြည်နယ်လွှတ်တော်တွင် အဆို ၃ ခုသာ အတည်ပြုနိုင်**

(September 4, 2020)

ကရင်ပြည်နယ်လွှတ်တော်၏ ဒုတိယအကြိမ်မြောက် သက်တမ်း ၄ နှစ်ကျော်ကာလအတွင်း အဆို ၃ ခုသာ အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့သည်ဟု လွှတ်တော်မှတ်တမ်းများအရ သိရသည်။ ၎င်းအဆို ၃ ခုထဲတွင် ကရင်ပြည် နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးခန်းများ၊ စာသင်ကျောင်းများတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ ချိတ်ဆွဲ ထားရှိရန်အဆို၊ သံတောင်မြို့နယ်ကို ခရိုင်အဆင့်တိုးမြှင့်ပေးရန်အဆိုနှင့် လယ်ယာမြေအသုံးပြုခြင်းနှင့် ပတ်သက်သည့် အဆို စုစုပေါင်း ၃ ခုသာ လွှတ်တော်တွင် အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့သည်ဟု လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော်၏ အဆိုမှတ်တမ်းများကိုသိရှိနိုင်ရန် ကေအိုင်စီ-ကရင်သတင်းဌာန အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူပြီး စားဖြင့်တင်ပြခဲ့သော်လည်း မှတ်တမ်းအချက်အလက်များအား ကူးယူခွင့် မရရှိခဲ့ပေ။ ကရင်ပြည်နယ်လွှတ်တော် ဒုတိယအကြိမ်သက်တမ်းကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၄၀၃ ခု၊ ကြယ် ပွင့်မပြမေးခွန်း ၁၇၂ ခု မေးမြန်းထားကာ အဆို ၃ ခုနှင့် ဥပဒေအသစ် ၁၂ ခု အတည်ပြုမှတ်တမ်းတင်နိုင်ခဲ့သည်ဟု ၁၄ ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးမှတ်တမ်းများအရ သိရ သည်။

ကရင်ပြည်နယ် လွှတ်တော်အနေဖြင့် ယခုလစက်တင်ဘာ ၂ ရက်နေ့မှစပြီး ၁၅ ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးပြန်လည်ကျင်းပကြပြီး နိုင်ငံသားမှတ်ပုံတင်မရှိသေးသူများကို ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာချင်း ဆက်လမ်းများ၊ စက်ရေတွင်းများ၊ စာသင်ကျောင်း အဆင့်တိုးမြှင့်ပေးနိုင်ရေးကိစ္စရပ်များကို လွှတ်တော်တွင် တင်ပြကြသည်ဟု ကရင်ပြည်နယ် လွှတ်တော်၏ လူမှုကွန်ယက်စာမျက်နှာ မှတ်တမ်းများအရ သိရသည်။ http://kicnews.org/2020/09

**************

## ၁၄။ မဲဆွယ်စည်းရုံးရေးကာလ အနည်းဆုံး ၂ လ မရရှိပါက လွှန်စွာခက်ခဲနိုင်ကြောင်း KNDP ထုတ်ပြန်

(September 4, 2020)

နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးကာလ အနည်းဆုံး ၂ လတာ မရရှိပါက KNDP- ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီအနေဖြင့် လွန်စွာအခက်အခဲပေါ်ပေါက်လာနိုင်ကြောင်း ယနေ့(စက်တင်ဘာ ၄ ရက်)တွင် သတင်းထုတ်ပြန်ကြေညာလိုက်သည်။

Covid-19 ကပ်ရောဂါကြောင့် ၂၀၂၀ ရွေးကောက်ပွဲရွှေ့ဆိုင်းရဖွယ် ရှိမရှိ အခြေအနေကို အောက်တိုဘာလမှ အသိပေးမည်ဟူသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ ယခုလို ထုတ်ပြန်ရခြင်းဖြစ်ကြောင်း KNDP ဥက္ကဋ္ဌ မန်းအောင်ပြည်စိုးက ကေအိုင်စီသို့ ပြောသည်။ ယနေ့ KNDP ၏လစဉ်ပုံမှန်အစည်းအဝေးအပြီး ထုတ်ပြန်ချက်တွင် မည်သည့်အခြေအနေတွင်မဆို ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ကာလကို အနည်းဆုံး နှစ်လကြာ ခွင့်ပြုစီစဉ်ပေးသင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းတောင်းဆိုသည်ဟု ဖော်ပြထားသည်။

KNDP ၏ ယခုအကြိမ် လစဉ်အစည်းအဝေးတွင် ထုတ်ပြန်ထားသည့်အချက်များအပါအဝင် ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် လက်ရှိလုပ်ဆောင်ထားသည့်အရာများ၊ ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများ၊ အခက် အခဲ၊ ပြဿနာ၊ အောင်မြင်မှုအကြောင်းအရာများကိုပါ ဆွေးနွေးသုံးသပ်ကြကြောင်း ပါတီတာဝန်ရှိသူများက ပြောသည်။ http://kicnews.org/2020/09/

***************

## ၁၅။ ရသေ့တောင်၊ အမျက်တောင်ကျေးရွာအနီးတွင် တပ်မတော်နှင့် AA တိုက်ပွဲ ပြင်းထန်နေ၊ တပ်မတော် တိုက်လေယာဉ် ၂ စီးဖြင့် လာရောက်ပစ်ခတ်

(September 4, 2020)

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အမျက်တောင်ကျေးရွာအနီးတွင် AA နှင့် တပ်မတော် တို့အကြား ယနေ့ နံနက်ပိုင်းမှစတင်၍ တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားလျက်ရှိပြီး တပ်မတော်က လေယာဉ် ၂ စီးဖြင့် လာရောက်တိုက်ခိုက်မှုများရှိသည်ဟု ဒေသခံများက သတင်းပေးလာကြောင်း ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်ခင်စောဝေက ရန်ကုန်ခေတ်သစ်သတင်းဌာနသို့ ပြောဆိုသည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ တိုက်ပွဲပြင်းထန်နေခြင်းဖြစ်ပြီး တပ်မတော် လေယာဉ် ၂ စီးက လာရောက်တိုက် ခိုက်သည်ဟု သိရှိရကြောင်း ၎င်းက ပြောဆိုသည်။

ကိုဗစ်ကာလအချိန်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ် တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းမှု စစ်ဆင် ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့ နံနက် နေပြည်တော်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုထားသည်။https://www.khitthitnews.com/2020/09/

**************

## ၁၆။ ကော့ကရိတ်မြို့အနီး တပ်မတော်နှင့်တိုက်ပွဲဖြစ်သည့်သတင်း မဟုတ်မှန်ဟု DKBA ခွဲထွက်ပြော

(6 September 2020 )

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ရန်ကုတ်ရွာအနီးမှာ စက်တင်ဘာ ၄ ရက် ညနေပိုင်းနဲ့ ညပိုင်းတွေမှာ တပ်မတော်နဲ့ ဒီကေဘီအေ ခွဲထွက်တို့ တိုက်ပွဲဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းဟာ မဟုတ်မှန်ဘူးလို့ ဒီကေဘီကေ ခွဲထွက်အဖွဲ့က ဒီဗွီဘီကို ပြောပါတယ်။

ကော့ကရိတ်-မြဝတီလမ်းဟောင်း ရန်ကုတ်အနီးမှာ ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေမှာ ဒီကေဘီအေ ခွဲထွက်အဖွဲ့နဲ့ ဖြစ်ခဲ့တာမဟုတ်သလို ခေါင်းပုံချတာလို့ ဒီကေဘီကေ ခွဲထွက်အဖွဲ့ တာရှိသူတဦးက ပြောပါတယ်။ တပ်မတော်နဲ့ ဘီဂျီအက်ဖ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး တပ်မဟာ ၇ လက်အောက်ခံအဖွဲ့ကို လာရောက်တိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။ နစ်ဖက်တိုက်ပွဲတွေကြောင့် ဒေသခံရွာသားတွေ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ကော့ကရိတ်မြို့နယ်၊ ရန်ကုတ်ရွာသား၊ ဦးစောအာဘိုက ပြောပါတယ်။

လတ်တလော တိုက်ပွဲတွေကြောင့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဒေသခံတွေနဲ့ပတ်သက်ပြီး ဒီဗွီဘီက ဆက်သွယ်မေးမြန်းရာမှာ လောလောဆယ် အဖြေမပေးနိုင်သေးဘူးလို့ ကော့ကရိတ်မြို့နယ်၊ အုပ်ချုပ် ရေးမှူး ဦးစန်းနက ပြောပါတယ်။ နစ်ဖက်တိုက်ပွဲကြောင့် ဒေသခံရွာသားများ သေဆုံးမှုတွေရှိတယ်လို့ ပြောဆိုနေ သလို စစ်ရှောင်ပြည်သူဦးရေ စာရင်းအတည်ပြုလို့မရသေးဘူးလို့သက်ဆိုင်ရာကထုတ်ပြန်တာမရှိသေးပါဘူး။

http://burmese.dvb.no/archives/408840

*****************

## ၁၇။ ဆီဆိုင် တပ်သိမ်းမြေကိစ္စ လက်ရှိ အချိန်ထိ ပြေလည်မှု မရရှိသေး

(September 7, 2020)

သျှမ်းပြည်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း တပ်မှ အတင်းအဓမ္မသိမ်းဆည်း ထားသည့်မြေယာကိစ္စ လက်ရှိ အချိန်ထိ ပြေလည်မှု မရရှိသေးကြောင်း စုံစမ်းသိရသည်။

စက်တင်ဘာ ၇ ရက်က ဆီဆိုင်မြို့နယ် ခန်းမတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ သျှမ်းပြည် မြေယာစီစစ်ရေးကော်မတီဥက္ကဋ္ဌ အပါအဝင် တာဝန်ရှိသူများနှင့် မြေယာသိမ်းဆည်းခံတောင်သူများ ဆွေးနွေးညှိနှိုင် သော်လည်း ပြေလည်မှု မရရှိခဲ့ကြောင်း သိရသည်။ ဆီဆိုင်မြို့နယ်ရှိ တောင်သူ (၄၉) ဦး ပိုင်ဆိုင် ထားသည့် မြေဧက (၃၀၀) ကို ခမရ (၄၂၃) (၄၂၄) မှ သိမ်းဆည်းထားခြင်းဖြစ်သည်။ ဆီဆိုင်မြို့နယ်အတွင်း သျှမ်းတိုင်းရင်းသားများ နေထိုင်သည့် ဒေသမှာ ကုန်းမြင့်မြေ ဧက (၂၀၀) ကျော်ကို ဖော်ပြီး အစိုးရ တပ်မတော်သိမ်းဆည်းမြေအစား တောင်သူများ ကို ပြန်လည်ပေးရန် စီစဉ်ပေမယ့် တောင်သူများ လက်မခံကြောင်း သိရသည်။

အစိုးရ တပ်မတော်သည် ဆီဆိုင်မြို့နယ် တောင်သူများ ပိုင်ဆိုင်သည့် မြေယာ ဧက(၃၀၀) ကို သိမ်းဆည်းခဲ့ပြီး၊ ထိုသိမ်းဆည်း မြေပေါ်တွင် ဒေသခံတောင်သူများက သီးနှံဝင်ရောက်စိုက်ပျိုးနေသည်ဟုဆိုကာ ပိုင်နက်ကျူးလွန် မှုဖြင့် တပ်က ပြန်လည်တရားစွဲဆိုထားခြင်း ဖြစ်ကြောင်းလည်း သိရသည်။ ထိုမြေယာများသည် လွန်ခဲ့သည့် ၁၉၉၆ ခုနှစ်တွင် တပ်မှ ဧက (၁၉၀၀) ကျော် သိမ်းဆည်းခဲ့သည်။ တပ်မှ ထိုမြေများကို သိမ်းဆည်းသည်ဟု တရားဝင် လာရောက်အကြောင်းကြား အသိပေးခြင်း မရှိသကဲ့သို့ မြေပေါ်တွင် လုပ်ကိုင်စားသောက်သည့် တောင်သူများနစ်နာကြေးလျော်ကြေးငွေ တစုံတရာမရရှိခဲ့ကြောင်းတောင်သူများကပြောသည်။ https://burmese.shannews.org/archives/18338

***************

## ၁၈။ သျှမ်းမြောက်တွင် ၂ ည ဆက်တိုက် အရပ်သား သေနတ်ပစ်ခံရ၊ တဦးသေ

(September 7, 2020)

သျှမ်းပြည်မြောက်ပိုင်း တွင် ၂ ည ဆက်တိုက် အရပ်သားသေနတ်ပစ်ခံရပြီး၊ အမျိုးသားတဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၅ရက် ည ၇နာရီ ဝန်းကျင်တွင် လားရှိုးမြို့ ရပ်ကွက် (၇)၊နယ်မြေ (၅)တွင် နေထိုင်သည့် အမျိုးသားတဦးကို အမည်မသိ လက်နက်ကိုင်အဖွဲ့က သေနတ်လာရောက်ပစ်သွားပြီး၊ ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ထိုနည်းတူ စက်တင်ဘာ ၆ ရက် ည (၇နာရီခွဲ) အချိန်တွင် သီပေါမြို့ ရွှေကျောင်းရပ်ကွက်တွင် အမျိုးသမီးတဦး သေနတ်ပစ်ခံရပြီး ခြေထောက်တွင် ကျည်ထိမှန်ခဲ့ကြောင်း သီပေါမြို့နေထိုင်သူ အသိုင်းအဝန်းက သျှမ်းသံတော် ဆင့်ကို ပြောသည်။ မည်သည့် လက်နက်ကိုင်အဖွဲ့မှ လာရောက်ပစ်သည်ကို စုံစမ်းနေဆဲဖြစ်သည်ဟုလည်း ဦးနိုင်ဝင်းဦး က ပြောသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သီပေါမြို့မရဲစခန်းကို သျှမ်းသံတော်ဆင့်မှ ဖုန်းဆက် သွယ်မေးမြန်းသည့်အခါ စုံစမ်းနေဆဲကြောင်းသာ ဖြေဆိုခဲ့သည်။

သျှမ်းမြောက် လားရှိုးမြို့နယ်နှင့် သီပေါမြို့နယ်အတွင်း သေနတ်ပစ်သတ်ခံရမှု မကြာခဏ ဖြစ်ပွားခဲ့ပြီး၊ တရားခံကို တကြိမ်တခါမျှ မဖမ်းဆီးရမိကြောင်းလည်း ဒေသခံများက ပြောသည်။ သျှမ်းပြည်မြောက်ပိုင်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ပြည်သူ့စစ်များနှင့် အစိုးရ တပ်မတော်တို့ လှုပ်ရှားသွားလာသည်ဖြစ်ရာ တိုက်ပွဲလည်း မကြာခဏ ဖြစ်ပွါးသည့်နေရာဖြစ်ပါသည်။ https://burmese.shannews.org/archives/18335

***************

## ၁၉။ လွှတ်တော် အတည်ပြု ပြဌာန်းခဲ့သည့် အများနှင့် သက်ဆိုင်သည့် ဥပဒေ သက်ဝင်မှု အားနည်းနေဆဲ

(September 4, 2020)

သျှမ်းပြည်နယ် လွှတ်တော်တွင် အတည်ပြုပြဌာန်းခဲ့သည့် အများနှင့်သက်ဆိုင်သည့် ဥပဒေသည် အသက်ဝင်မှု အားနည်းနေကြောင်း သျှမ်းပြည်နယ် လွှတ်တော်အမတ် နန်းစံဟွမ် က ပြောဆိုလိုက်သည်။

ဒုတိယအကြိမ် သျှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြဌာန်းခဲ့သည့် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ များအား အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဌာန အဆင့်ဆင့်သို့ဖြန့်ဝေပေးရန် အစီစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) နန်းစံဟွမ် က ယနေ့ စက်တင်ဘာ (၄) ရက်တွင် သျှမ်းလွှတ်တော်တွင်း

မေးမြန်းခဲ့သည်။ ပြည်နယ်အဆင့်မှာ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ ဖြန့်ဝေပြီးခဲ့ ပေမယ့် မြို့နယ်အဆင့်မှာတော့ လက်လှမ်းမှီ မရောက်သည့်အတွက် မြို့နယ်အဆင့်ထိရောက်ရန်အတွက် တွန်းအားပေးသည့် သဘောဖြစ်ကြောင်း လွှတ်တော်အမတ် နန်းစံဟွမ် က ထပ်လောင်းပြောသည်။

ဒုတိယအကြိမ် သျှမ်းပြည်နယ်လွှတ်တော်တွင် အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ အတည်ပြုပြဋ္ဌာန်းရာမှာ (၁၃) ခု ဝန်းကျင်ရှိကြောင်း သိရသည်။ အတည်ပြုပြဋ္ဌာန်းခဲ့သော အများပြည်သူများနှင့် သက်ဆိုင်သည့် ဥပဒေ သည်သဘာဝရေ ထွက်တောရေထိန်းတောနှင့်ဆိုင်သောဥပဒေ၊ အခြေခံပညာကျောင်းများနှင့်ဆိုင်သော ယုံကြည်စိတ်ချရသည့် အစားအသောက်ဥပဒေ၊ကြက်မွေးမြူရေးဥပဒေနှင့်မြေယာခွန်ဥပဒေစသည်တို့ဖြစ်သည်။

https://burmese.shannews.org/archives/18315

****************

## ၂၀။ မြို့နယ်အဆင့် ခေါင်းဆောင် ၄ဦး ANP ပါတီမှ ထုတ်ပယ်

(6 September 2020)

ရခိုင်အမျိုးသားပါတီ (ANP) မှ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် မြို့နယ်ပါတီခေါင်းဆောင် ၄ ဦးကို ပါတီက ထုတ်ပယ်လိုက်ကြောင်း ANP ပါတီမှ စက်တင်ဘာလ ၃ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေငြာထားသည်။

ထုတ်ပယ်ခံရသည့်ပုဂ္ဂိုလ်များမှာ ANP ပါတီမှ မောင်တောမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ မောင်တောမဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အုံးနှင့် ဘူးသီးတောင်မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဖုံတို့ ဖြစ်သည်။ ပါတီတွင်းယှဉ်ပြိုင်ရန် ကိုယ်စားလှယ်လောင်း လျှောက်လွှာခေါ်ယူစဉ်ကတည်းက ရွေးချယ်တင်မြှောက်ရေးမူဝါဒများကို သိရှိနားလည်ပြီး လိုက်နာပါမည်ဟု သဘောတူလက်ခံပြီး ယှဉ်ပြိုင်ခဲ့သော်လည်း ရွေးချယ်မခံရသည့်နောက်ပိုင်းတွင် အဆိုပါပုဂ္ဂိုလ် ၄ ဦးမှာ တသီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ကော်မရှင်တွင် မှတ်ပုံတင်ထားခြင်းမှာ ချမှတ်ထားသည့် စည်ကမ်းကိုဖောက်ဖျက်ရာရောက်ကြောင်းလည်း ဦးထွန်းအောင်ကျော် က ဆက်လက် ပြောပြသည်။

ရခိုင်ပြည်နယ်အတွင်း အင်အားကြီး ပါတီတခုဖြစ်သည့် ရခိုင်အမျိုးသားပါတီ (ANP) တွင် ရွေးကောက်ပွဲ နီးလာသည်နှင့်အမျှ ပါတီတွင်း သဘောထား မတိုက်ဆိုင်သည့် အတွက် ပါတီဝင်တချို့မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (ALD)၊ ရခိုင့်ဦးဆောင်ပါတီ (AFP) သို့ ဝင်ရောက်သွားသူများ ရှိသလို တချို့ ပါတီဝင်များမှာလည်း လာမည့် ရွေး ကောက်ပွဲတွင် တသီးပုဂ္ဂလ အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ကော်မရှင်ထံ လျှောက်လွှာ တင်ထားကြသည်။

https://burma.irrawaddy.com/election-2020/2020/09/06/229353.html

****************

## ၂၁။ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မဲဆန္ဒနယ်များကို အောက်တိုဘာလတွင်သာ ကြေငြာခြင်းမှာ မျှတမှု မရှိကြောင်း ကိုယ်စားလှယ်လောင်းများဝေဖန်

(Sep 7, 2020)

၂၀၂၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်သည့်မဲဆန္ဒနယ်များကိုအောက်တိုဘာလတွင် ကြေငြာသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)၏ ပြောဆိုချက်နှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဝေဖန်နေကြသည်။

လက်ရှိတွင် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၆ နာရီ အချိန်မှစတင်ပြီး နိုဝင်ဘာလ ၆ ရက်နေ့ ည ၁၂ နာရီအချိန်အထိ ရက်ပေါင်း (၆၀)ခွင့်ပြုကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ စက်တင်ဘာလ ၆ ရက်နေ့က ထုတ်ပြန်ကြေညာထားသည်။ ထိုသို့ မဲဆွယ်စည်းရုံးရေး ကာလကို ကြေငြာထားသော်လည်း ရခိုင်မှ ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များကို တိကျစွာမသိရှိရသည့်အတွက် စိုးရိမ်မိကြောင်း ရသေ့တောင်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင် ရောက်ယှဉ်ပြိုင်မည့် ဒေါ်ခင်စောဝေက ဆိုသည်။

ရခိုင်မှ မြို့နယ်တစ်ချို့တွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့လျှင် ပြည်သူများကိုကိုယ်စားပြုမှု၊ ပြည်သူများ၏ နစ်နာ မှုများကို စကားပြောခွင့်ရမည့်အခွင့်အရေးများ ပပျောက်သွားနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ကြသည်။ ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေငြာထားသည်။

https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/uec-n-akn.html

***************

## ၂၂။ ကယားပြည်နယ်ရဲ့အရေးပေါ်ရန်ပုံငွေ ကျပ်သန်း၁၀၀၀ ကို လက်ရှိအချိန်ထိသုံးစွဲမှုမရှိသေး

(September 08, 2020)

ဘဏ္ဍာရေးနှစ်မှာစတင်ပြီးတော့ ပြည်ထောင်စုမှရရှိတဲ့ အရေးပေါ်ရန်ပုံငွေကျပ်သန်း၁၀၀၀ကို အထိချိန်ထိအသုံးပြုခြင်း မရှိသေးဘူးလို့ကယားပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ပြောပါတယ်။

လက်ရှိအစိုးရသက်တမ်းမှာအရေးပေါ်ရန်ပုံငွေ နှစ်စဉ်ဘယ်လောက်ရရှိပြီး ဘယ်နေရာတွေမှာအသုံးပြုနေကြောင်းကို ပြည်သူတွေကို ပွင့်လင်းမြင်သာမှုရှိစွာချပြနိုင်ဖို့နဲ့ အရေးပေါ်ကိစ္စတွေမှာ အသုံးပြုထားမယ်ဆိုရင်လည်း ခေါင်းစဉ်အသေးစိတ်ကိုချပြပေးဖို့အတွက် ပြည်သူ့ကိုယ်စား ဖရူဆိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က မေးမြန်းခဲ့တာဖြစ်ပါတယ်။ အရေးပေါ်ရန်ပုံငွေကို ၂၀၁၉-၂၀ဘတ်ဂျက်နှစ်မှာမှ ပြည်ထောင်စုကနေချပေးတာဖြစ်ပြီး လုပ်ထုံးလုပ်နည်းတွေအရ သုံးစွဲလို့မရသေးဘူးလို့ ကယားပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ဆိုပါတယ်။ ပြည်ထောင်စုရဲ့လုပ်ထုံးလုပ်နည်းတွေအရ ဇယား(၄)မှာ ဖော်ပြထားတာက ဒီအရေးပေါ်ရန်ပုံငွေဟာ မသုံးစွဲရင် မဖြစ်တော့တဲ့ အရေးပေါ်ကိစ္စတွေမှာသာ သုံးစွဲဖို့ ဖြစ်ပြီး ရသုံးမှန်းခြေငွေစာရင်းမှာလျာထားချက်မပါတဲ့ အသုံးစရိတ်တွေ အတွက်ကိုပဲ သုံးစွဲရတာဖြစ်ပါတယ်။ ဒ့ါအပြင် ပုဒ်မခွဲ (က)မှာကတော့ ဒီအရေးပေါ် ရန်ပုံငွေကို သုံးစွဲတဲ့နေရာမှာ ပြည်ထောင်စု အစိုးရရဲ့ အဆုံးအဖြတ်ရယူရမယ်လို့ သိရပါတယ်။

ပြည်နယ်အရေးလေ့လာစောင့်ကြည့်သူ ကိုကျော်ထင်အောင်ကတော့ အရေးပေါ်ရန်ပုံငွေကို ပြည်နယ်နဲ့တိုင်းဘတ်ဂျတ် ထဲမှာနှစ်စဉ်ပြည်ထောင်စုကနေပေးထားတာတွေတော့ရှိပေမယ့် လက်ရှိ ၂၀၁၉-၂၀မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်တွေမှာ အသုံးပြုရမယ့် အရေးပေါ်ရန်ပုံငွေ မဟုတ်ပဲနဲ့ အရေးပေါ်စီမံခန့်ခွဲမှု ပုံစံလိုမျိုး နိုင်ငံတကာချေးငွေတွေ ယူပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို အချိုးကျပံ့ပိုးပေးတာတွေရှိတယ်လို့ဆိုပါတယ်။

https://www.bnionline.net/mm/news-75373

*********************

မှတ်ချက်။ **သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

***** ပြီး *****